**<u>Multi-Stakeholder Calls to Action for Stronger Response to Conflict-Related Sexual Violence Related to Myanmar</u>**

1. **Support the Provision of Multi-Sectoral Services to all Survivors and Affected Communities**
    - Multi-sectoral services must support survivors' immediate, medium and long-term recovery and healing and promote dignity, agency and empowerment. Services must be survivor-centered, trauma-informed and multi-sectoral, including medical, psycho-social, livelihood, socio-economic, shelter, education and legal support.
    - Programming and activities must respond to the local context and the specific needs of survivors, local communities and all persons impacted by such violations. They must be informed by the realities on the ground, be safe, inclusive and survivor-centered so they can meet survivors' needs, reflect their lived realities and support their recovery and healing.
    - Programming and support must recognise the devastating long-term and intergenerational effects of Conflict-Related Sexual Violence (CRSV) on survivors and their families, including children born of rape, and ensure there are the necessary services to address intergenerational trauma and support survivors and affected communities to reclaim and rebuild their lives and futures.
    - Sadly, not everyone survives sexual violence. Ensure dignity for all persons who died following sexual violence and support for their families and communities.
    - Stakeholders supporting CRSV response should establish direct, long-term and flexible partnerships with local Myanmar civil society, including women's, youth, LGBTQI+ and Persons with Disabilities organisations who are supporting survivors and affected communities, providing multi-sectoral assistance and services, documenting violations, preserving historical records for future accountability processes and dismantling entrenched gender discrimination.
    - Children living in conflict-affected communities are at severe risk of harm, including sexual violence, exploitation and abuse. Child protection must: recognise girls' and boys' different needs; ensure gender and age-appropriate services are available for all child survivors; and be mainstreamed throughout humanitarian and Gender-Based Violence (GBV) programming, including CRSV prevention and response.
    - Culturally informed, context-specific and needs-based support and programming is key! All stakeholders should ensure local organisations' active involvement and decision-making roles throughout all phases of project design and implementation.
    - All CRSV response mechanisms should integrate Technology-Facilitated GBV support into case management, referral and protection frameworks. Survivors should not have to navigate multiple siloed systems for support services designed for digital or physical forms of violence.

- All stakeholders should establish or strengthen cross-border referral pathways to ensure continuity of care for survivors who remain at risk of further harm, including online abuse.
- Funding for CRSV response needs to be flexible, non-earmarked, rapid and long-term. This funding needs to reach local women's and LGBTQI+ organisations who are best placed to support survivors' and affected communities' immediate needs and long-term healing. Funding needs to also support services for male survivors of CRSV.
- Administrative requirements and processes must recognise the needs and operational realities in Myanmar and must evolve to provide ongoing and adaptable financial support to local organisations. This includes recognising significant security, operational and administrative challenges faced by local organisations and ensuring that funding opportunities are adaptable and accessible to a wide range of local organisations without putting them at risk.
- All solutions, support and services must prioritise survivors by promoting sustainable, feminist, inclusive, non-discriminatory and gender transformative approaches.

**2. Promote Inclusive and Intersectional Approaches to Addressing CRSV**

- All stakeholders engaged in CRSV advocacy and response should apply an intersectional lens to properly understand how discrimination, inequality and victimization come together to make the harm inflicted on survivors worse, as well as survivors' unique protection, support and rehabilitation needs.
- All stakeholders should consider how multiple aspects of survivors' identities, including their gender, sexual orientation, religion, age, ethnicity, political affiliation, disability and legal status, may make them vulnerable to different forms of discrimination, oppression or violence, including CRSV.
- Don't forget about LGBTQI+ survivors! Ensure all CRSV responses are inclusive of LGBTQI+ communities and meaningfully reach and respond to the specific needs of LGBTQI+ survivors and affected communities.
- Ensure that all CRSV-related programming is LGBTQI+, gender and disability inclusive, across humanitarian settings, development programming and health systems, including mental health and psychosocial support services.
- All stakeholders should strengthen their understanding of the key role youth play in providing emergency assistance to survivors and affected communities and empower and equip them with the skills and space to participate and play a key role in community support, cohesion and rehabilitation.

**3. Strengthening Survivor-Centered and Trauma-Informed CRSV Response**

- All CRSV action must implement survivor-centered and trauma-informed approaches which ensure that survivors' dignity, safety, agency and healing are paramount.

- All actors gathering any type of information related to CRSV must ensure survivor-centered, safe, effective and ethical gathering and use of such information.
- International stakeholders should establish safe, responsive and effective partnerships with civil society and local Myanmar organisations and roll out quality training for programming that ensures linkages to actors providing safe spaces and referral pathways for survivors, including through GBV, protection and other humanitarian programming and services.
- Stakeholders interacting with survivors to document CRSV and other violations must ensure survivor-centered, trauma-informed and intersectional approaches, adhere to the principle of informed consent and uphold the principle of do no harm, including by prioritising survivors' physical safety, mental wellbeing and access to immediate medical, psycho-social, sexual and reproductive health, protection and other multi-sectoral services.
- CRSV perpetrated against children has severe and enduring physical, psychological and social impacts. All stakeholders responding to CRSV involving children must prioritise the best interests of the child, ensure survivors' immediate access to protection and multi-sectoral services and adopt survivor-centered, child rights-focused and child competent approaches.
- Funders and documentation initiatives must invest in ethical data practices, including training for local partners in digital ethics, informed consent and secure information management, which can be costly for local implementers.
- Organisations collecting information and accounts of Technology-Facilitated GBV, including CRSV, must ensure: that consent is informed, voluntary and revocable at any stage; that data is only collected where it is strictly necessary and can be securely protected; and that evidence is only preserved in encrypted, access-restricted repositories.
- All funders and programmers must support, employ and require survivor-centered, trauma-informed, intersectional and do no harm approaches to CRSV response.

**4. Enhance CRSV Prevention Efforts**

- The Myanmar military and all armed groups must immediately cease all acts of sexual violence and fully comply with obligations under international law and UN Security Council Resolutions to prohibit and effectively prevent all forms of sexual violence, hold perpetrators accountable and support survivors.
- CRSV must be recognised as preventable and as a threat to international peace and security.
- Military laws, codes of conduct and gender and safeguarding policies must clearly prohibit all forms of sexual violence, establish complaints and accountability mechanisms, meaningfully integrate gender and intersectional considerations and be effectively implemented.

- Incorporating long-term, multi-sectoral support for survivors in all recovery and durable solution frameworks is crucial to preventing CRSV and feeds into broader GBV prevention initiatives.
- Conflict prevention also requires implementing bans on arms and aviation fuel and imposing targeted economic sanctions.
- CRSV prevention, response and survivor-centered considerations must be integrated into wider initiatives including humanitarian response, peacebuilding and transitional justice.

5. **Accountability**
   - Break the cycles of impunity for perpetrators of CRSV in Myanmar.
   - Support inclusive accountability processes to hold perpetrators of CRSV and other serious crimes accountable in courts, including the International Criminal Court and national courts with laws on universal jurisdiction.
   - Support the development of survivor-centered, gender-transformative and intersectional transitional justice policies and processes.
   - Ensure that all current and future justice mechanisms, processes and actors are linked with the relevant GBV referral pathways to ensure that survivors and witnesses can access timely, safe and long-term multi-sectoral services, including community-based protection and support.
   - All current and future accountability processes should incorporate witness protection programmes to ensure the safety of witnesses and survivors.
   - Online platforms must remove any content that constitutes or promotes Technology-Facilitated GBV, including CRSV, such as non-consensual intimate imagery, deepfakes, doxxing, coerced recordings and synthetic sexualised content targeting women, human rights defenders and survivors.
   - Online platforms should work collaboratively with civil society organisations that identify and report such content and ensure direct, fast-track communication channels to Platform Safety Teams for survivor-centered redress.
   - Online platforms must target and shut down accounts and gambling-linked pornography ecosystems, which are driving transnational trafficking and exploitation, including for the purposes of sexual violence and/or exploitation.

6. **Coordinated CRSV Action**
   - Strengthen collaboration and coordination to ensure CRSV is firmly grounded in the Women, Peace and Security (WPS) and GBV agendas.
   - Prevent siloed approaches to CRSV and humanitarian response that risk further entrenching discriminatory practices or fragmented responses and work together to support survivors of CRSV of all genders, sexual orientations, religions, ethnicities and ages.

- Ensure effective coordination amongst all stakeholders documenting CRSV to prevent retraumatising survivors and overdocumentation and ensure survivor-centered approaches.
- Dismantle silos - We are stronger when we work together! All actors should strengthen coordinated, collaborative and coherent approaches to enhance survivor-centered, intersectional and gender transformative CRSV action.

*The Calls to Action for Stronger Response to CRSV were supported by UN Action Against Sexual Violence in Conflict Network*

**မြန်မာနိုင်ငံနှင့် သက်ဆိုင်သော ပဋိပက္ခနှင့် ဆက်စပ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ (CRSV) အပေါ်ပိုမိုအားကောင်းသည့် တုံ့ပြန်မှုများ ဆောင်ရွက်ကြရန် သက်ဆိုင်သူများ ပူးပေါင်းတောင်းဆိုခြင်း**

**၁။ ဆက်လက်ရှင်သန်သူအားလုံးနှင့် ထိခိုက်ခံစားရသော ရပ်ရွာလူထုတို့အတွက် ကဏ္ဍစုံ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးကို ပံ့ပိုးပေးရန်**

- ကဏ္ဍပေါင်းစုံပါဝင်သည့် ဝန်ဆောင်မှုများပေးခြင်းသည် ဆက်လက်ရှင်သန်သူများအတွက် လက်ရှိအချိန်၊ အလယ်အလတ်ကာလနှင့် ရေရှည်ကာလတို့တွင် ပြန်လည်ထူထောင်ရေးနှင့် ကုစားရေးကို ပံ့ပိုးပေးရမည့်အပြင်၊ ဂုဏ်သိက္ခာ၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းနှင့် စွမ်းပကား မြှင့်တင်ရေး တို့ကိုလည်း အားပေးမြှင့်တင်ရပါမည်။ ဝန်ဆောင်မှုများသည် ဆက်လက်ရှင်သန်သူ ဗဟိုပြု ဖြစ်ရမည့်အပြင်၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအပေါ် နားလည်မှုရှိရမည် နှင့် ကဏ္ဍပေါင်းစုံ ပါဝင်ရမည်။ ယင်းတို့တွင် ဆေးဝါးကုသမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအထောက်အပံ့၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ၊ လူမှု-စီးပွားရေးဆိုင်ရာ၊ ခိုလှုံရာနေရာ၊ ပညာရေးနှင့် ဥပဒေ ရေးရာ အထောက်အပံ့များ ပါဝင်ရမည်။
- စီမံကိန်းများနှင့် လှုပ်ရှားမှုများသည် ဆက်လက်ရှင်သန်သူများ၊ ဒေသခံလူမှုအသိုင်းအဝိုင်း များနှင့် ထိုကဲ့သို့သော ချိုးဖောက်မှုများကြောင့် ထိခိုက်ခံစားရသူအားလုံး၏ ဒေသန္တရ အခြေအနေနှင့် သီးခြားလိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းနိုင်ရမည်။ ၎င်းတို့သည် မြေပြင် အခြေအနေမှန်များကို အခြေခံရမည်ဖြစ်ပြီး၊ ဘေးကင်းလုံခြုံ အားလုံးပါဝင်ပြီး ဆက်လက် ရှင်သန်သူ ဗဟိုပြု ဖြစ်ရမည်။ သို့မှသာ ဆက်လက်ရှင်သန်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး၊ ၎င်းတို့၏ နေ့စဉ်ဘဝအခြေအနေများ၊ ပြန်လည်နာလန်ထူလာမှု နှင့် ကုစားရေးတို့ကို ထင်ဟပ်စေမည်။
- စီမံကိန်းများနှင့် အထောက်အပံ့များသည် CRSVကြောင့် ဆက်လက်ရှင်သန်သူများနှင့် ၎င်းတို့၏ မိသားစုများအပေါ် ရေရှည်ဆိုးကျိုးသက်ရောက်မှုများနှင့် မျိုးဆက်ပေါင်းများစွာအပေါ် သက်ရောက်မှုများရှိသည်ကို အသိအမှတ်ပြုရမည်။ မျိုးဆက်များစွာအတွင်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများကို ဖြေရှင်းရန် လိုအပ်သည့် ဝန်ဆောင်မှုများ ရှိစေရန်နှင့် ဆက်လက် ရှင်သန်သူ များနှင့် ထိခိုက်ခံစားရသူ အသိုင်းအဝိုင်းများ၏ ဘဝများကို ပြန်လည်တည်ဆောက် နိုင်ရန် အာမခံရမည်။
- ဝမ်းနည်းစရာမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ လူတိုင်း အသက်ဆက်လက်ရှင်သန်နိုင်ခြင်း မရှိပါ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် အသက်ဆုံးရှုံးသွားသော ပုဂ္ဂိုလ်အားလုံးအတွက်

ဂုဏ်သိက္ခာကို အာမခံပေးခြင်း၊ ၎င်းတို့၏ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအတွက် အထောက်အပံ့များ ပေးအပ်ခြင်းတို့ကို သေချာဆောင်ရွက်ခြင်း။

- CRSV တုံ့ပြန်မှုကို အထောက်အပံ့ပေးသည့် သက်ဆိုင်သူများသည် မြန်မာနိုင်ငံရှိ ဒေသခံ လူမှုအဖွဲ့အစည်းများနှင့် တိုက်ရိုက်၊ ရေရှည်နှင့် လိုက်လျောညီထွေရှိသော ပူးပေါင်း ဆောင်ရွက်မှုများကို ပြုလုပ်သင့်သည်။ ယင်းတွင် ဆက်လက်ရှင်သန်သူများနှင့် ထိခိုက်ခံစားရသူ အသိုင်းအဝိုင်းများကို ပံ့ပိုးပေးနေသော ဒေသခံအမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ LGBTQI+ နှင့် မသန်စွမ်းသူများ အဖွဲ့အစည်းများ ပါဝင်ရမည်။ ၎င်းတို့သည် ကဏ္ဍပေါင်းစုံပါဝင်သည့် အကူအညီနှင့် ဝန်ဆောင်မှု များကို ပံ့ပိုးပေးခြင်း၊ ချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်း၊ နောင်တွင် တာဝန်ခံမှု လုပ်ငန်းစဉ်များအတွက် သမိုင်းမှတ်တမ်းများကို ထိန်းသိမ်းခြင်းနှင့် အမြစ်တွယ်နေသော ဂျန်ဒါ ခွဲခြားဆက်ဆံမှုများကို ချေဖျက်ခြင်းတို့အား လုပ်ဆောင်နေ ကြသူများ ဖြစ်သည်။
- ပဋိပက္ခဒဏ်ခံနေရသော ဒေသများတွင် နေထိုင်သည့် ကလေးသူငယ်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အမြတ်ထုတ်ခံရမှုနှင့် အနိုင်ကျင့်ခံရမှုများ အပါအဝင် ပြင်းထန်စွာ ထိခိုက် နစ်နာနိုင်ခြေ မြင့်မားသည့်ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး (Child Protection) သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–
    - မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ မတူညီသော လိုအပ်ချက်များကို အသိအမှတ်ပြုခြင်း၊
    - ကလေးသူငယ် ဆက်လက်ရှင်သန်သူများ အားလုံးအတွက် ဂျန်ဒါ (Gender) နှင့် အသက်အရွယ်အလိုက် သင့်လျော်သည့် ဝန်ဆောင်မှုများ ရရှိစေရန် အာမခံခြင်း၊
    - CRSV (ပဋိပက္ခနှင့် ဆက်စပ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ) ကာကွယ်ရေး နှင့် တုံ့ပြန်မှုများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဂျန်ဒါ-အခြေပြု အကြမ်းဖက်မှု (GBV) စီမံကိန်းများ တစ်လျှောက်လုံးတွင် ပင်မလုပ်ငန်းစဉ်အဖြစ် ထည့်သွင်း လုပ်ဆောင်ခြင်း။
- ယဉ်ကျေးမှုဆိုင်ရာ ထည့်သွင်းစဉ်းစားမှုရှိသော၊ အခြေအနေနှင့် သီးခြားလိုအပ်ချက်အပေါ် အခြေခံသည့် အထောက်အပံ့နှင့် စီမံကိန်းရေးဆွဲခြင်းသည် အရေးကြီးသော အချက်ဖြစ်သည်။ သက်ဆိုင်သူအားလုံးသည် စီမံကိန်း ဒီဇိုင်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၏ အဆင့် အားလုံးတွင် ဒေသခံအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အခန်း ကဏ္ဍများကို အာမခံပေးရမည်။

- CRSV တုံ့ပြန်ရေး ယန္တရားများအားလုံးသည် နည်းပညာနှင့်ဆက်စပ် ဖြစ်ပေါ်လာသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ် (Technology-Facilitated GBV) ဆိုင်ရာ အထောက်အပံ့ကို အမှုကိစ္စကိုင်တွယ်ဖြေရှင်းရေး (Case Management)၊ လွှဲပြောင်းညွှန်းပို့ရေးနှင့် အကာအကွယ်ပေးရေး မူဘောင်များထဲသို့ ပေါင်းစပ်ထည့်သွင်းရမည်။ ဆက်လက် ရှင်သန်သူများသည် ဒစ်ဂျစ်တယ် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံများ အတွက် အထောက်အပံ့ ဝန်ဆောင်မှုများကို ရယူရန်အတွက် သီးခြားကွဲပြားနေသောစနစ်များစွာကို ဖြတ်သန်း နေရခြင်းမျိုး မဖြစ်သင့်ပါ။
- သက်ဆိုင်သူများအားလုံးသည် အွန်လိုင်းမှ အနိုင်ကျင့်အကြမ်းဖက်ခံရမှုများ အပါအဝင် ထပ်ဆောင်း ထိခိုက် နစ်နာမှုများ ကျရောက်နေဆဲဖြစ်သည့် ဆက်လက်ရှင်သန်သူများအတွက် ကူညီစောင့်ရှောက်မှုများ ဆက်လက်ရရှိမှုကို အာမခံနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် လွှဲပြောင်းညွှန်းပို့နိုင်သည့် လမ်းကြောင်းများကို တည်ထောင်ရန် သို့မဟုတ် အားကောင်းအောင် လုပ်ဆောင်ရမည်။
- CRSV တုံ့ပြန်မှုအတွက် ရန်ပုံငွေသည် ကြိုတင်သတ်မှတ်ချထား ပေးခြင်းမျိုး မရှိစေဘဲ ပြောင်းလွယ်ပြင်လွယ်ရှိပြီး မြန်ဆန်၍ ရေရှည် ရရှိနိုင်ရန် လိုအပ်ပါသည်။ ဤ ရန်ပုံငွေသည် ဆက်လက်ရှင်သန်သူများနှင့် ထိခိုက်ခံစားရသော အသိုင်းအဝိုင်းများ၏ ချက်ချင်း လိုအပ်ချက်များနှင့် ရေရှည် ကုစားသက်သာနိုင်မှုတို့အတွက် ကူညီရန် အကောင်းဆုံး အနေ အထားတွင် ရှိကြသော မြန်မာနိုင်ငံရှိ အမျိုးသမီးနှင့် LGBTQI+ အဖွဲ့အစည်းများထံ ရောက်ရှိ ရန် လိုပါသည်။ ရန်ပုံငွေသည် အမျိုးသား ဆက်လက်ရှင်သန်သူများ အတွက် ဝန်ဆောင်မှုများကိုပါ ပံ့ပိုးပေးရန် လိုအပ်ပါသည်။
- စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံရှိ လိုအပ်ချက်များနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသိအမှတ်ပြုကာ ဒေသခံ အဖွဲ့အစည်းများအတွက် လက်ရှိနှင့် လိုက်လျောညီထွေရှိသော ငွေကြေးထောက်ပံ့မှုများ ပေးအပ်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများလုပ်သင့်သည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုများတွင် ဒေသခံ အဖွဲ့အစည်း များ ကြုံတွေ့နေရသည့် သိသာထင်ရှားသည့် လုံခြုံရေး၊ လုပ်ငန်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ စိန်ခေါ်မှုများကို အသိအမှတ်ပြုခြင်းနှင့် ရန်ပုံငွေ အခွင့်အလမ်းများကို ၎င်းတို့အတွက် အန္တရာယ် မဖြစ်စေဘဲ ဒေသခံအဖွဲ့အစည်းများအတွက် လိုက်လျောညီထွေရှိပြီး လက်လှမ်းမီ နိုင်စေရန် သေချာစေခြင်းတို့ ပါဝင်သည်။

- ဖြေရှင်းနည်းများ၊ အထောက်အပံ့များနှင့် ဝန်ဆောင်မှုများအားလုံးသည် ရေရှည်တည်တံ့သော၊ ဖိးမီးနစ်အရေးဦးစားပေးသော၊ အားလုံးပါဝင်သော၊ ခွဲခြားမှုမရှိသောနှင့် ဂျန်ဒါ ပြောင်းလဲနိုင်စွမ်းရှိသော ချဉ်းကပ်မှုများကို မြှင့်တင်ခြင်းဖြင့် ဆက်လက်ရှင်သန်သူများကို ဦးစားပေး ရမည်။

## ၂။ CRSV ကို ဦးတည်ဖြေရှင်းရာ၌ အားလုံးပါဝင်စေပြီး အလွှာစုံဖြစ်တည်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားသည့် ချဉ်းကပ်မှုများကို မြှင့်တင်ခြင်း

- CRSVဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုနှင့် တုံ့ပြန်မှုများတွင် ပါဝင်ဆောင်ရွက်သော သက်ဆိုင်သူများ အားလုံးသည် ခွဲခြားဆက်ဆံခံရမှု၊ မညီမျှမှုနှင့် ကျူးလွန်ခံရမှုများ ဆက်စပ်ပေါင်းစပ်ခြင်းက ဆက်လက်ရှင်သန်သူများအပေါ် သက်ရောက်သည့် ထိခိုက်နစ်နာမှုများကို မည်သို့ ပိုမို ဆိုးရွားစေကြောင်းကို ပိုမိုနားလည်နိုင်ရန်အတွက် အလွှာစုံဖြစ်တည်မှုဆိုင်ရာ ရှုထောင့် (Intersectional Lens) မှ ကြည့်ရှုသုံးသပ်ရမည်။ ထို့အပြင် ဆက်လက်ရှင်သန်သူများအတွက် သီးခြား အကာအကွယ်ပေးရေး၊ အထောက်အပံ့နှင့် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များ ကိုလည်း နားလည်ရမည်။
- သက်ဆိုင်သူများအားလုံးသည် ဆက်လက်ရှင်သန်သူများ၏ မတူညီသော အသွင်လက္ခဏာများ ဖြစ်သည့် ဂျန်ဒါ (Gender)၊ လိင်စိတ်ခံယူမှု၊ ဘာသာ၊ အသက်၊ လူမျိုး၊ နိုင်ငံရေး ဆက်နွယ်မှု၊ မသန်စွမ်းမှုနှင့် ဥပဒေရေးရာ အခြေအနေများ အပါအဝင် အချက်အလက်မျိုးစုံသည် ၎င်းတို့ အား CRSV အပါအဝင် မည်ကဲ့သို့သော ပုံစံအမျိုးမျိုးသော ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်ခံရမှု သို့မဟုတ် အကြမ်းဖက်မှုများ အတွက် အန္တရာယ်ကျရောက်နိုင်သည်ကို ထည့်သွင်း စဉ်းစား ရမည်။
- LGBTQI+ ဆက်လက်ရှင်သန်သူများကို မမေ့ပါနှင့်။ CRSV တုံ့ပြန်မှုများအားလုံးသည် LGBTQI+ အသိုင်းအဝိုင်းများ ပါဝင်မှုရှိစေရန်နှင့် LGBTQI+ ဆက်လက်ရှင်သန်သူများနှင့် ထိခိုက်ခံစား ရသော အသိုင်းအဝိုင်းများ၏ သီးခြားလိုအပ်ချက်များကို အဓိပ္ပာယ်ရှိရှိ ရောက်ရှိတုံ့ပြန်နိုင်ရန် အာမခံပါ။
- CRSV နှင့် ဆက်နွယ်သော အစီအစဉ်များအားလုံးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကျန်းမာရေးစနစ်များ (စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်း ဆိုင်ရာ-လူမှုရေးဆိုင်ရာ (MHPSS) အထောက်အပံ့များ အပါအဝင်) တွင် LGBTQI+၊ ဂျန်ဒါ နှင့် မသန်စွမ်းသူများ ပါဝင်မှု ရှိစေရန် အာမခံပါ။
- သက်ဆိုင်သူအားလုံးသည် ဆက်လက်ရှင်သန်သူများနှင့် ထိခိုက်ခံစားရသော အသိုင်းအဝိုင်းများ ကို အရေးပေါ် အကူအညီများ ပေးရာတွင် လူငယ်များ၏ အဓိကအခန်းကဏ္ဍ ကို ပိုမို နားလည်

သဘောပေါက်အောင် မြှင့်တင်သင့်ပြီး၊ ၎င်းတို့အား လူထုအား ပံ့ပိုးကူညီပေးရေး၊ စည်းလုံးညီညွတ်မှုနှင့် ပြန်လည်ထူထောင်ရေးတို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးနိုင်ရန် အတွက် စွမ်းရည်နှင့် နေရာများ ပေးအပ်၍ လုပ်ပိုင်ခွင့်စွမ်းရည် မြှင့်တင်ပေးသင့်ပါသည်။

## ၃။ ဆက်လက်ရှင်သန်သူများကို ဗဟိုပြု၍ ထိခိုက်ခံစားရသည့် စိတ်ဒဏ်ရာကို သိနားလည်သော CRSV တုံ့ပြန် ဆောင်ရွက်မှုများကို အားကောင်းအောင် လုပ်ဆောင်ခြင်း

- CRSV ဆိုင်ရာ လုပ်ဆောင်ချက်အားလုံးသည် ဆက်လက်ရှင်သန်သူများ၏ ဂုဏ်သိက္ခာ၊ ဘေးကင်းလုံခြုံရေး၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းနှင့် ကုစားရေးတို့ကို အဓိကထားသည့် ဆက်လက်ရှင်သန်သူ ဗဟိုပြုနှင့် စိတ်ဒဏ်ရာအပေါ် သိနားလည်သော ချဉ်းကပ်နည်းလမ်းများဖြင့် လုပ်ဆောင်ရမည်။
- CRSV နှင့် ဆက်နွှယ်သော သတင်းအချက်အလက် အမျိုးအစား တစ်ခုခုကို စုဆောင်းသည့် လုပ်ဆောင်သူများအားလုံးသည် အဆိုပါအချက်အလက်များကို စုဆောင်းရာနှင့် အသုံးပြုရာတွင် ဆက်လက်ရှင်သန်သူ ဗဟိုပြုမှု၊ ဘေးကင်းလုံခြုံမှု၊ ထိရောက်ပြီး ကျင့်ဝတ်သိက္ခာရှိမှု တို့ကို အာမခံရမည်။
- နိုင်ငံတကာ အသိုင်းအဝန်းသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံ မြန်မာ အဖွဲ့အစည်းများ နှင့် ဘေးကင်းသော၊ တုံ့ပြန်မှုရှိသော၊ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများကို တည်ထောင်သင့်ပြီး၊ ဘေးကင်းသည့် ခိုလှုံရာနေရာနှင့် ညွှန်းပို့လမ်းကြောင်းများဖြင့် (Gender-Based Violence (GBV)၊ အကာအကွယ်ပေးရေး (Protection) နှင့် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များနှင့် ဝန်ဆောင်မှုများ အပါအဝင်)ကို ပံ့ပိုးပေးသည့် လုပ်ဆောင်သူများနှင့် ချိတ်ဆက်မှုရှိသော အစီအစဉ်များအတွက် အရည်အသွေးပြည့် သင်တန်းများကို လုပ်ဆောင်ပေးရမည်။
- CRSV နှင့် အခြားချိုးဖောက်မှုများအား မှတ်တမ်းတင်ရန်အတွက် ဆက်လက်ရှင်သန်သူများနှင့် ထိတွေ့ဆက်ဆံရသည့် သက်ဆိုင်သူများအားလုံးသည် ဆက်လက်ရှင်သန်သူ ဗဟိုပြုနှင့် ထိခိုက်ခံစားရသည့် စိတ်ဒဏ်ရာအပေါ် နားလည်မှုရှိပြီး အလွှာစုံဖြစ်တည်မှုဆိုင်ရာ ရှုထောင့်မှ ချဉ်းကပ်မှုများကို အကောင်အထည်ဖော်ရမည်။ အသိပေးသဘောတူညီမှု အခြေခံ သဘော တရားကို လိုက်နာရမည်ဖြစ်ပြီး၊ ထိခိုက်နစ်နာမှု မရှိစေရေး (do no harm) မူကို အလေးထား ရမည်။ ၎င်းတွင် ဆက်လက်ရှင်သန်သူများ၏ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ စိတ်ပိုင်း ဆိုင်ရာ သုခချမ်းသာနှင့် ချက်ချင်း ဆေးဝါးကုသမှု၊ စိတ်ပိုင်းဆိုင်ရာ-လူမှုရေး၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊

အကာအကွယ်ပေးရေးနှင့် အခြားသော ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှု များကို လက်လှမ်းမီရရှိစေရန် ဦးစားပေး လုပ်ဆောင်ရမည်။

- ကလေးသူငယ်များအပေါ် ကျူးလွန်သည့် CRSV သည် ဆိုးရွားပြီး ရေရှည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ ရှိသည်။ ကလေးသူငယ်များအပေါ် ကျူးလွန်သည့် CRSV ဆိုင်ရာ တုံ့ပြန်မှုများလုပ်ဆောင်ရာတွင် သက်ဆိုင်သူများအားလုံးသည် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဦးစားပေးရမည်။ ဆက်လက်ရှင်သန်သူ ကလေးသူငယ်များအတွက် အကာအကွယ်ပေးမှု၊ အထောက်အပံ့နှင့် ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှု များကို ချက်ချင်းရယူနိုင်စေရန် အာမခံရမည်ဖြစ်ပြီး၊ ဆက်လက်ရှင်သန်သူ ဗဟိုပြုပြီး ကလေး သူငယ်အခွင့်အရေးကို အဓိကထားသည့်နှင့် ကလေးသူငယ်အပေါ် နားလည်မှု ရှိသော ချဉ်းကပ်မှု များကို ကျင့်သုံးရမည်။
- ရန်ပုံငွေ ပေးအပ်သူများနှင့် အချက်အလက်စုဆောင်းမှတ်တမ်းတင်မှုဆိုင်ရာ အစီအစဉ်များသည် ကျင့်ဝတ်နှင့်ကိုက်ညီသည့် အချက်အလက်စုဆောင်းမှုလုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံရမည်။ အဆိုပါ လုပ်ငန်းစဉ်များတွင် ဒေသခံ မိတ်ဖက်အဖွဲ့များအတွက် ကုန်ကျစရိတ်များနိုင်သည့် ဒစ်ဂျစ်တယ် ကျင့်ဝ တ်များ၊ အသိပေး သဘောတူညီချက် နှင့် လုံခြုံသော သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ထည့်သွင်းပေးရန် လိုအပ်ပါသည်။
- CRSV အပါအဝင် နည်းပညာနှင့်ဆက်စပ် ဖြစ်ပေါ်လာသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ် (TF-GBV) ဆိုင်ရာ အချက်အလက်နှင့် အစီရင်ခံစာများ စုဆောင်းသည့် အဖွဲ့အစည်း များက အောက်ပါတို့ကို အာမခံရမည်–
  - ခွင့်ပြုချက်သည် အချက်အလက်ပြည့်စုံစွာသိရှိပြီးမှ ဆန္ဒအလျောက်ပေးသည့် အသိပေး ခွင့်ပြုချက် ဖြစ်ရမည်၊ ဆန္ဒအလျောက်ပါဝင်ခြင်းဖြစ်ရမည်၊ နှင့် မည်သည့်အဆင့်တွင်မဆို ရုပ်သိမ်းပိုင်ခွင့် ရှိရမည်။
  - အချက်အလက်များကို အမှန်တကယ် လိုအပ်သည့်နေရာများတွင်သာ စုဆောင်းရမည်ဖြစ်ပြီး၊ လုံခြုံစိတ်ချစွာ ကာကွယ်ထားနိုင် ရမည်။
  - သက်သေအထောက်အထားများကို ကုဒ်ဝှက်ထားပြီး၊ ဝင်ရောက်ရယူခွင့် ကန့်သတ်ထားသည့် အချက်အလက်များ စုပေါင်းထိန်းသိမ်းသည့်နေရာ(repositories)တွင်သာ ထိန်းသိမ်းထား ရမည်။
  - ရန်ပုံငွေ ပေးအပ်သူများနှင့် အစီအစဉ် ရေးဆွဲဆောင်ရွက်သူများအားလုံးသည် CRSV ဆိုင်ရာ တုံ့ပြန်မှုများ လုပ်ဆောင်ရာတွင် ဆက်လက်ရှင်သန်သူ ဗဟိုပြုမှုရှိပြီး၊ ထိခိုက်ခံစားရသည့် စိတ်ဒဏ်ရာကို ထည့်သွင်းစဉ်းစားခြင်း၊ ၊ အလွှာစုံဖြစ်တည်မှုဆိုင်ရာ ထည့်သွင်း စဉ်းစားခြင်း နှင့်

ထိခိုက်နစ်နာမှု မရှိစေရေး (do no harm) အစရှိသည့် ချဉ်းကပ်မှုများကို ထောက်ခံ၊ အသုံးပြုရန်နှင့် လိုအပ်ချက်တစ်ခုအဖြစ် ထည့်သွင်းရေးဆွဲရန် အရေးကြီးသည်။

## ၄။ CRSV ကာကွယ်ရေး ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း

- မြန်မာစစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအားလုံးကို ချက်ချင်း ရပ်တန့်ရမည် ဖြစ်ပြီး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံအားလုံးကို တားမြစ်ကာ ထိရောက်စွာ ကာကွယ်ရန်၊ ကျူးလွန်သူများကို တာဝန်ခံမှုရှိစေရန်နှင့် ဆက်လက်ရှင်သန်သူများကို ပံ့ပိုးကူညီရန်အတွက် နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအောက်မှ တာဝန်ဝတ္တရားများကို အပြည့်အဝ လိုက်နာရမည်။
- CRSV မှာ ကြိုတင်ကာကွယ်နိုင်သောကိစ္စဖြစ်ကြောင်း နှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ခြိမ်းခြောက်မှုအဖြစ် အသိအမှတ်ပြုရမည်။
- စစ်ဘက်ဆိုင်ရာ ဥပဒေများ၊ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများနှင့် ဂျန်ဒါနှင့် ဘက်ပေါင်းစုံကို ထည့်သွင်းစဉ်းစားသည့် အကာအကွယ်ပေးရေး မူဝါဒများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံအားလုံးကို ရှင်းလင်းစွာ တားမြစ်ထားရမည်၊ တိုင်ကြားမှုနှင့် တာဝန်ခံမှု ယန္တရားများကို တည်ထောင်ရမည်၊ ဂျန်ဒါနှင့် အလွှာစုံဖြစ်တည်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို အဓိပ္ပာယ်ရှိရှိ ပေါင်းစပ်ထည့်သွင်းရမည်၊ ထိရောက်စွာ အကောင်အထည်ဖော်ရမည်။
- ဆက်လက်ရှင်သန်သူများအတွက် ရေရှည်၊ ကဏ္ဍပေါင်းစုံပါဝင်သည့် အထောက်အပံ့များကို ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖြေရှင်းချက်ဆိုင်ရာ မူဘောင်အားလုံးတွင် ထည့်သွင်းခြင်း သည် CRSV ကို ကာကွယ်ရန်အတွက် အလွန်အရေးကြီးပြီး ပိုမိုကျယ်ပြန့်သော ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (GBV) ကာကွယ်ရေး ကြိုးပမ်းမှုများကို အထောက်အကူပြုသည်။
- ပဋိပက္ခကို ကြိုတင်ကာကွယ်ရန်အတွက် လက်နက်နှင့် လေယာဉ်ဆီ ပိတ်ဆို့မှုများကို အကောင်အထည် ဖော်ခြင်းနှင့် ပစ်မှတ်ထားသော စီးပွားရေး ပိတ်ဆို့အရေးယူမှုများကို ချမှတ်ရန်လည်း လိုအပ်သည်။
- CRSV ကာကွယ်ရေး၊ တုံ့ပြန်ရေးနှင့် ဆက်လက်ရှင်သန်သူ ဗဟိုပြု ထည့်သွင်း စဉ်းစားမှု များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အပါအဝင် ပိုမိုကျယ်ပြန့်သော အစီအစဉ်များတွင် ပေါင်းစပ်ပါဝင်ရမည်။

## ၅။ တာဝန်ခံမှု၊ တာဝန်ယူမှု

- မြန်မာနိုင်ငံတွင် CRSV ကျူးလွန်သူများ ပြစ်ဒဏ်မှကင်းလွတ်နေသည့် သံသရာကို ချိုးဖျက် ရမည်။
- CRSV နှင့် အခြားသော ကြီးလေးသည့် ရာဇဝတ်မှုများ ကျူးလွန်သူများကို နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) နှင့် နိုင်ငံတကာ တရားစီရင်ပိုင်ခွင့်ရှိသည့် (Universal Jurisdiction) ပြည်တွင်းတရားရုံးများအပါအဝင် တရားရုံးများတွင် တာဝန်ခံမှုရှိစေရန် အားလုံးပါဝင်သည့် တာဝန်ခံမှု လုပ်ငန်းစဉ်များကို ပံ့ပိုးပါ။
- ဆက်လက်ရှင်သန်သူ ဗဟိုပြုမှုရှိပြီး ဂျန်ဒါ အသွင်ကူးပြောင်းရေးနှင့် အလွှာစုံဖြစ်တည်မှု ဆိုင်ရာ ရှုထောင့်များပေါင်းစပ်ပါဝင်သည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု မူဝါဒများနှင့် လုပ်ငန်းစဉ်များ ဖော်ဆောင်မှုကို ပံ့ပိုးပါ။
- လက်ရှိနှင့် အနာဂတ် တရားစီရင်ရေး ယန္တရားများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်သူများ အားလုံးသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု (GBV) လွှဲပြောင်းပေးပို့နိုင်သည့် ညွှန်းပို့လမ်းကြောင်းများနှင့် ချိတ်ဆက်ထားကြောင်း အာမခံပါ။ ၎င်းသည် ဆက်လက်ရှင်သန်သူများနှင့် သက်သေများအား အချိန်မီ၊ ဘေးကင်းပြီး ရေရှည် ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှုများ (ဒေသ အခြေပြု အကာအကွယ်ပေးမှုနှင့် အထောက်အပံ့များ အပါအဝင်) ရရှိနိုင်ရန်အတွက် ဖြစ်သည်။
- လက်ရှိနှင့် အနာဂတ် တာဝန်ခံမှု လုပ်ငန်းစဉ်များအားလုံးတွင် သက်သေများနှင့် ဆက်လက်ရှင်သန်သူများ၏ ဘေးကင်းလုံခြုံရေးကို အာမခံနိုင်ရန် သက်သေကာကွယ်ရေး အစီအစဉ် များကို ထည့်သွင်းထားကြောင်း အာမခံပါ။
- အွန်လိုင်းပလက်ဖောင်းများသည် နည်းပညာနှင့်ဆက်စပ် ဖြစ်ပေါ်လာသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ် (TF-GBV)၊ အထူးသဖြင့် ပဋိပက္ခနှင့် ဆက်စပ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ (CRSV) တို့ကို ဖြစ်စေသော သို့မဟုတ် အားပေးသော မည်သည့် အကြောင်းအရာကိုမဆို ဖယ်ရှားရမည်။ ၎င်းတို့တွင် မိမိသဘောတူမဟုတ်ပဲ တစ်ကိုယ်ရည် ဓာတ်ပုံများကို အလွဲသုံးစားပြုလုပ်ခြင်းတွေ (non-consensual sharing of intimate images or NCII)၊ Deepfakes များ၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များဖော်ထုတ်ကာ တိုက်ခိုက် ခံရခြင်း (Doxxing) ၊ အတင်းအဓမ္မ မှတ်တမ်းတင်ထားသော အရာများနှင့် အမျိုးသမီးများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် ဆက်လက်ရှင်သန်သူများကို ပစ်မှတ်ထားသည့် လိင်ပိုင်း ဆိုင်ရာ အတုအပဖန်တီးပြုလုပ်ထားသော (synthetic) အကြောင်းအရာများ ပါဝင်သည်။
- အွန်လိုင်းပလက်ဖောင်းများသည် ထိုကဲ့သို့သောအကြောင်းအရာများကို ဖော်ထုတ်ပြီး တိုင်ကြားသော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် သွားရမည်ဖြစ်ပြီး၊ ဆက်လက်

ရှင်သန်သူ ဗဟိုပြုသည့် တုံ့ပြန်ကုစားမှုများ ပေးနိုင်ရန်အတွက် Platform Safety Teams (ပလက်ဖောင်း ဘေးကင်းလုံခြုံရေးအဖွဲ့များ) သို့ တိုက်ရိုက်နှင့် လျင်မြန်သော ဆက်သွယ်ရေး လမ်းကြောင်းများ ရှိစေရန် သေချာဆောင်ရွက်ရမည်။

- အွန်လိုင်းပလက်ဖောင်းများသည် နိုင်ငံဖြတ်ကျော် လူကုန်ကူးမှုနှင့် အမြတ်ထုတ်မှုများကို၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ်/နှင့် အမြတ်ထုတ်မှု ရည်ရွယ်ချက်များ အပါအဝင် တွန်းအားပေးနေသည့် အကောင့်များနှင့် လောင်းကစားနှင့်ဆက်စပ်သည့် ညစ်ညမ်း ရုပ်ပုံစာပေ ဝေဟာစနစ်များကို ပစ်မှတ်ထားပြီး ပိတ်ပစ်ရမည်။

## ၆။ ပေါင်းစပ်ညှိနှိုင်းသော CRSV လုပ်ဆောင်ချက်

- CRSV သည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) နှင့် GBV ဆိုင်ရာ အစီအစဉ်များတွင် ခိုင်မာစွာ အခြေခံထားကြောင်း သေချာစေရန် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို အားကောင်းအောင် လုပ်ဆောင်ပါ။
- ခွဲခြားဆက်ဆံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ကွဲပြားနေသော တုံ့ပြန်မှုများ (siloed approaches)ကို ပိုမိုအမြစ်တွယ်သွားစေနိုင်သည့် CRSV နှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန်မှုများအပေါ် တဖွဲ့ချင်းသီးခြားချဉ်းကပ်လုပ်ဆောင်မှုများကို တားဆီးရန်နှင့် ဆက်လက် ရှင်သန်သူများ (ဂျန်ဒါ၊ ဘာသာ၊ လူမျိုး၊ အသက်နှင့် လိင်စိတ်ခံယူမှုအားလုံး) အား အပြန်အလှန် ပံ့ပိုးကူညီနိုင်ရန် လုပ်ဆောင်ပါ။
- ဆက်လက်ရှင်သန်သူများကို စိတ်ဒဏ်ရာ ထပ်မံမရစေရန်နှင့် အချက်အလက်များ လွန်ကဲစွာ မှတ်တမ်းမတင်မိစေရန်အတွက် CRSV ကို မှတ်တမ်းတင်နေသော သက်ဆိုင်သူများအားလုံး အကြား ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုကို အာမခံပြီး၊ ဆက်လက်ရှင်သန်သူ ဗဟိုပြု ချဉ်းကပ်မှုများကို အာမခံရမည်။
- သီးခြားချဉ်းကပ်လုပ်ဆောင်မှုများကို ပယ်ဖျက်ပါ (Dismantle silos) - ကျွန်ုပ်တို့ အတူတကွ လုပ်ဆောင်မှသာ ပိုမိုအားကောင်းပါမည်။ လုပ်ဆောင်သူများအားလုံးသည် ဆက်လက် ရှင်သန်သူ ဗဟိုပြုပြီး အလွှာစုံဖြစ်တည်မှုဆိုင်ရာ ရှုထောင့်များပေါင်းစပ်ပါဝင်သည့် ဂျန်ဒါ အသွင်ကူးပြောင်းရေး CRSV လုပ်ဆောင်မှုများကို မြှင့်တင်ရန် အတွက် ပေါင်းစပ်ညှိနှိုင်းသော၊ ပူးပေါင်းဆောင်ရွက်သောနှင့် ဆီလျော်ညီညွတ်သော ချဉ်းကပ်မှုများကို အားကောင်းအောင် လုပ်ဆောင်ရမည်။

*ပဋိပက္ခနှင့် ဆက်စပ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ (CRSV) အပေါ် ပိုမိုအားကောင်းသည့် တုံ့ပြန်မှုများ ဆောင်ရွက်ကြရန် တောင်းဆိုချက်များကို ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ လှုပ်ရှားမှု ကွန်ရက် (UN Action Against Sexual Violence in Conflict Network) မှ ပံ့ပိုးကူညီပေးခဲ့ပါသည်။*